## 4-2 လက်ထပ်၊ ကွာရှင်းသည့်အခါ

(C လက်ထပ်၊ ကွာရှင်း ကိုးကားရန်)

သက်ဆိုင်သူနှစ်ဦးထဲမှ တစ်ဦးဦးနေထိုင်သော နေရပ်လိပ်စာရှိသည့် မြို့နယ်ရုံးသို့ "လက်ထပ်ကြောင်းအကြောင်းကြားစာ" နှင့် "ကွာရှင်းကြောင်းအကြောင်းကြားစာ" တင်သွင်းရမည်။

သက်ဆိုင်သူ တစ်ဦးဦး သို့မဟုတ် နှစ်ဦးစလုံးသည် နိုင်ငံခြားသားဖြစ်လျှင် ဒေသဆိုင်ရာ လူဝင်မှုကြီးကြပ်ရေးရုံး အပြင် သက်ဆိုင်ရာနိုင်ငံ၏ သံရုံး၊ ကောင်စစ်ဝန်ရုံး၌ လိုအပ်သည့်အတိုင်း ဆောင်ရွက်ရမည်။

## 4-3 ကလေးမွေးဖွားသည့်အခါ

( B နေထိုင်ခွင့် 2-8 နေထိုင်ခွင့်ရယူခြင်း၊ H ကလေးမွေးဖွားခြင်း၊ ကလေးပြုစုပျိုးထောင်ခြင်း 2 ကလေးမွေးကြောင်းအကြောင်းကြားစာ နှင့် နိုင်ငံသားရယူခြင်း *ကိုးကားရန်*)

မွေးဖွားသည့် မြို့နယ်သို့မဟုတ် အကြောင်းကြားမည့်သူ (ကလေး၏အုပ်ထိန်းသူ) နေထိုင်နေသည့် မြို့နယ်ရုံးတွင် "ကလေးမွေးကြောင်းအကြောင်းကြားစာ" ကို တင်သွင်းအကြောင်းကြားရမည်။

မိဘနှစ်ပါးထဲမှ တစ်ဦးဦး သို့မဟုတ်ပါက နှစ်ဦးစလုံးသည် နိုင်ငံခြားသားဖြစ်မည်ဆိုလျှင် ဒေသဆိုင်ရာ လူဝင်မှုကြီးကြပ်ရေးရုံး အပြင် သက်ဆိုင်ရာနိုင်ငံ၏ သံရုံး၊ ကောင်စစ်ဝန်ရုံး၌ လိုအပ်သည့်များကို ဆောင်ရွက်ရမည်။

ဂျပန်နိုင်ငံတွင် ဖွားမြင်သော မွေးကင်းစကလေးသည် မွေးဖွားခြင်းခံရပြီး ရက်ပေါင်း ၆၀ ပြည့်သည့်နေ့အထိ မွေးဖွားပြီး နေထိုင်ခွင့်မရရှိသောသူ အဖြစ် နေထိုင်သူမှတ်တမ်းတင်ထားသည်။

ကာလရှည်၊ကာလလတ်နေထိုင်ခွင့်ရသူများ၏ ကလေးသည် မွေးဖွားခြင်းခံရပြီး ရက်ပေါင်း ၆၁ ရက်နှင့်အထက် ဂျပန်နိုင်ငံတွင် နေထိုင်မည်ဆိုပါက မွေးပြီးခြင်း ရက်ပေါင်း ၃၀ အတွင်း အနီးဆုံးရှိ လူဝင်မှုကြီးကြပ်ရေးရုံး၌ နေထိုင်ခွင့်ကို လျှောက်ထားရမည်။

မွေးဖွားကြောင်းထောက်ခံစာနှင့်အတူ မွေးဖွားကြောင်းအကြောင်းကြားခြင်းထောက်ခံစာ ကိုပါ ပူးတွဲတင်ပြရန်ဖြစ်သည်။

မွေးဖွားကြောင်းအကြောင်းကြားပြီးနောက် နေထိုင်ခွင့်လျှောက်ထားသည့်အခါ နေထိုင်သူမှတ်တမ်းမိတ္တူ သို့မဟုတ် နေထိုင်သူမှတ်တမ်းပါအကြောင်းအရာထောက်ခံစာကို တင်ပြမည်ဆိုပါက နေထိုင်ခွင့်ရရှိပြီးနောက် မြို့နယ်သို့ ထပ်မံ နေထိုင်ရာနေရာကို အကြောင်းကြားရန် မလိုအပ်ပါ။

## 4-4 သေဆုံးသည့်အခါ

(D အခြားအကြောင်းကြားခြင်းများ 4 သေစာရင်း ကိုးကားရန်)

*သေဆုံးသည့်နေရာဖြစ်သည့် မြို့နယ် သို့မဟုတ် အကြောင်းကြားမည့်သူ (ကျန်ရစ်သူ) နေထိုင်ရာ မြို့နယ်ရုံးသို့ သေဆုံးကြောင်းအကြောင်းကြားစာကို တင်သွင်းရမည်။ ကွယ်လွန်သူ၏ နေထိုင်ခွင့်ကတ်ပြားအား အနီးဆုံးရှိ ဒေသဆိုင်ရာလူဝင်မှုကြီးကြပ်ရေးရုံး၌ ပြန်လည်အပ်နှံခြင်းအပြင် သေဆုံးသူမှ နိုင်ငံသားအဖြစ်ခံယူထားသော နိုင်ငံ၏ သံရုံး၊ ကောင်စစ်ရုံးများ၌ လိုအပ်သည့်များကို ဆောင်ရွက်ရမည်။*